http://www.dhammadownload.com

တိပိဋကယောဆရာတော်

ဓာတ်



တိပိဋကဓမ္မလင်္ကာဆောင်(၅၅)

စတုတ္ထအကြိမ်၊ ဓမ္မဒါန အုပ်ရေ(၁၀၀၀၀)

(ပဟန်း မဟာဝိသုဒ္ဓါရုံ တိုက်တည်ဆရာတော်ကြီး နှစ် - ၁၀၀ ပြည့် အထူးလက်ဆောင်)

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၇-ခုနှစ်၊ ပြာသိုလ ခရစ် ၂၀၁၆-ခု၊ ဇန်နဝါရီလ


http://www.dhammadownload.com

မာတ်

- ကောင်းဆိုးနှစ်ဖြာ၊ မာတ်များစွာ၊ လူမှာရှိနေကြ။
- အဆိုးချင်းသာ၊ ရောနှောကာ၊ ကောင်းတာချင်းသာ ပေါင်းဆုံကြ။
- အဆိုးမာတ်မှာ၊ လွယ်ကူပါ၊ ကောင်းတာရဖို့ ခက်ခဲလှ။
- ဆရာကောင်းမှာ၊ ဦးဆောင်ကာ၊ ကောင်းတာကူးပေးရ။
- တပည့်ကောင်းမှာ၊ နားထောင်ကာ၊ ကောင်းတာကူးယူရ။
- မာတ်ဆိုးကိုဖယ်၊ မာတ်ကောင်းကြွယ်၊ တကယ်လူဖြစ်ကြ။

တိပိဋကယောဆရာတော်

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)

တိပိဋကဓရ၊ မဟာဏ္ဍာဂါရိက

http://www.dhammadownload.com

တိပိဋကယောဆရာတော်၏

ဓာတ်



တိပိဋက ဓမ္မလင်္ကာဆောင် (၅၅)

(ဗဟန်းမဟာဝိသုဒ္ဓါရုံတိုက်တည်ဆရာတော်ကြီး
နှစ်၁၀၀-ပြည့်အထူးလက်ဆောင်)

စတုတ္ထအကြိမ်ဓမ္မဒါန
အုပ်ရေ(၁၀၀၀၀)

သာသနာ ၂၅၂၄ ကောဇာ ၁၃၇၇ ခုနှစ်၊ ပြာသိုလ ခရစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၃၀၈၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၇၄၀၃၀၉

ပုံနှိပ်သူ - ဒေါ်ခင်အေးမော် (၀၆၀၂၄)

ဂုဏ်သီရိပုံနှိပ်တိုက်

အမှတ်-၅၂၊ လမ်း၃၀၊

ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၀၉၅၀၀၂၅၇၅

ထုတ်ဝေသူ - ဦးစိုးတင့် (ရွှေပြည်သာစာပေ)

အုပ်ရေ - ၁၀၀၀၀

တန်ဖိုး - မမှဒါန

အကြိမ် - စတုတ္ထအကြိမ်

http://www.dhammadownload.com

တိပိဋကယောဆရာတော် ၏

ဓာတ်

တိပိဋကဓမ္မလင်္ကာဆောင် (၅၅)



နမော နာနာဓာတု ဥဏှသ

၁။ ဓာတ်

ဓာတုသော၀ ဘိက္ခ၀ေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ကလျာဏာဓိမုတ္တိကာ ကလျာဏာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။

(သံ ၁-၃၆၈)

http://www.dhammadownload.com

- ကောင်းဆိုးနှစ်ဖြာ၊ ဓာတ်မျှားစွာ၊
  လူမှာရှိနေကြ။
- အဆိုးချင်းသာ၊ ရောနှောကာ၊
  ကောင်းတာချင်းသာ ပေါင်းဆုံကြ။
- အဆိုးဓာတ်မှာ၊ လွယ်ကူပါ။
  ကောင်းတာရဖို့ ခက်ခဲလှ။
- ဆရာကောင်းမှာ၊ ဦးဆောင်ကာ၊
  ကောင်းတာ ကူးပေးရ။
- တပည့်ကောင်းမှာ၊ နားထောင်ကာ၊
  ကောင်းတာ ကူးယူရ။
- ဓာတ်ဆိုးကိုဖယ်၊ ဓာတ်ကောင်းကြွယ်၊
  တကယ်လူဖြစ်ကြ။

http://www.dhammadownload.com

"ဓာတ်" ဆိုတဲ့စကားဟာ လောက သာသနာ အရာခပ်သိမ်းမှာ အသုံးဝင် တွင် ကျယ်နေတဲ့စကားပါ။ "ဓာတ်တော်, ဓာတ်မှန်, ဓာတ်လုံး, ဓာတ်လိုက်တယ်, ဓာတ်ပျက် တယ်, ဓာတ်စာကျွေးတယ်" စတဲ့ စကားတွေ ပေါ့။ "ဓာတ်" ဆိုတာ သက်မဲ့ သက်ရှိတွေမှာ တကယ်ရှိနေတဲ့ ပင်ကိုယ်အရှိသဘောပါပဲ။ လူစတဲ့သက်ရှိသတ္တဝါတွေဟာ ဓာတ်တူချင်း ပေါင်းနေကြတယ်။

လူမှာ ဓာတ်ဆိုး ဓာတ်ကောင်းလို့ (၂)မျိုး ရှိပါတယ်။ ဓာတ်ဆိုးရှိသူချင်း ဓာတ်ကောင်း ရှိသူချင်း ဆက်ဆံပေါင်းသင်းနေကြတယ်။

http://www.dhammadownload.com

ဓာတ်ဆိုးကလဲအမျိုးမျိုး ဓာတ်ကောင်းကလဲ အဖုံဖုံပါပဲ။ ဓာတ်တူမှ ပေါင်းနိုင်ကြတယ်။ ဓာတ်မတူရင် မပေါင်းနိုင်ကြဘူး။ ဓာတ်မတူရင် ပေါင်းပြီးသားတွေတောင် ပြန်ကွဲတတ်ကြပါတယ်။

အဆိုးဓာတ်ရဖို့ လွယ်ကူပေမယ့် အကောင်းဓာတ်ရဖို့ကတော့ အလွန်ခက်ခဲပါတယ်၊ အဆိုးဓာတ်ကို လွယ်လွယ်နဲ့ကူးယူလို့ ရနိုင်ပေမယ့် အကောင်းဓာတ်ကိုတော့ ခက်ခက်ခဲခဲကူးယူမှပဲ ရတတ်ပါတယ်။ ဓာတ်ကောင်းရပြန်တော့လဲ စွဲစွဲမြဲမြဲတည်ဖို့ ကြာရှည်ခံဖို့ တော်တော်သတိထားပြီး ကြိုးစားရပါတယ်။

http://www.dhammadownload.com

အဆိုးဓာတ်ခံအားကောင်းသူမှာ ဓာတ်ကောင်း ရလာပေမယ့် ကြာကြာမခံတတ်ပါဘူး။ ပြန်ပျက်တတ်ပါတယ်။

ဘုရားအလောင်းတော်များဟာ ဘဝကမ္ဘာများစွာ ဓာတ်ကောင်းတွေထုံနေအောင် လေ့ကျင့်ပြီး ဓာတ်ကောင်းတွေအားလုံး ပြည့်စုံတော့မှ ဘုရားအဖြစ် ရောက်ကြတာပါ။ ဓာတ်ကောင်းကူးယူလိုသူတို့အတွက် ဘုရားဟာ ဓာတ်ကောင်း အပြည့်ဝအစုံလင်ဆုံးပဲ၊ တရားဆိုတာ ဓာတ်ကောင်းရလိုသူများအရ ယူထားရမယ့် အကောင်းဆုံးဓာတ်ပါ။ သံဃာကတော့ ဘုရားထံက တရားဓာတ်ကောင်း ကူးယူထား

http://www.dhammadownload.com

လို့ ဓာတ်ကောင်းပြည့်ဝနေသူများပါ။

ရတနာသုံးပါးထဲက ဓာတ်ကောင်းတွေကို ကိုယ့်ထဲရောက်အောင် ကူးယူကြတဲ့အခါ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ အကောင်းစွမ်းအားများကို လုံလောက်အောင် စိုက်ထုတ်အသုံးချနိုင်သလောက်သာ ဓာတ်ကောင်းရမယ်။ နှုတ်တက်ရုံအလွတ်ကျက်ပြီး စိတ်မပါပဲ ရွတ်ဆိုနေရုံနဲ့တော့ ဓာတ်ကူးလာမှာ မဟုတ်ဘူး။

ဆရာသမားအဆက်ဆက်ဟာ ရတနာသုံးပါးထဲက ဓာတ်ကောင်းတွေကို အဆင့်ဆင့် ကူးယူပြီး တပည့်အဆက်ဆက်ထံ လက်ဆင့်

http://www.dhammadownload.com

ကမ်းကူးပေးခဲ့ကြပါတယ်။ ဓာတ်ကောင်း ရသွားသူတိုင်း အတိုင်းအဆမရှိအောင် ဝမ်း မြောက်ကြည်နူး အားတက်သွားကြရပါတယ်။

ရန်ကုန်မြို့၊ ဗဟန်း၊ ကွစ္ဆာသယကုန်း တော်မှာ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်ဖြစ်ပေါ်လာအောင် ဓာတ်အဆင့်ဆင့် ကူးပြောင်းလာခဲ့ပါတယ်။ စာသင်တိုက်ဖြစ်ဖို့ သာသနာစိတ်ဓါတ်ပြင်း ထန်လှတဲ့ မူလကွစ္ဆာသယဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒထံက ဓာတ်ကောင်းချင်းတူနေတဲ့ မန္တလေး မဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာ တော်ကြီး ဘဒ္ဒန္တပဏ္ဍိစ္စထံ ဓာတ်ကောင်းကူး

http://www.dhammadownload.com

ပြောင်းခဲ့တယ်။ သံတော်ဆင့်ဆရာတော်ကြီး ထံက ဆရာတော်ကြီးရဲ့ ဓာတ်ကောင်းကို အပြည့်အဝလက်ခံတဲ့ မန္တလေးစာချုပ်ကျော် တပည့်ကြီး အရှင်ဝါသဝါဘိဝံသထံ ဓာတ်ကူး ပြောင်းလာခဲ့ပြန်ပါတယ်။ (ပေါ်လွင်စေဖို့ ဘွဲ့အမည်များကို ဖေါ်ပြရတာပါ။)

အတိတ်ဓာတ်ကောင်းလည်းပါ, ပစ္စုပ္ပန် အရည်အချင်း ဓာတ်ကောင်းလဲရှိနေတဲ့ တိုက် တည်ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသဟာ ဓာတ်ကောင်းတွေ အဆက်ဆက် ဖြန့်ဝေပေး နိုင်ဖို့ ဓာတ်ကောင်းချင်းတူညီကြတဲ့ ကျောင်း ဒကာ ကျောင်းအမများရဲ့ အားပေးကူညီမှုနဲ့

http://www.dhammadownload.com

၁၃၂၀-ခုနှစ်၊ ဝါဆိုလ၊ သက်တော်(၅၀) အရွယ်မှာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့ပါတယ်။ ဓာတ်ကောင်းများမျိုးစေ့ချလို့ အစပျိုးလိုက်ပါတယ်။

အဲဒီအချိန်မှာ မိမိက ကန်ရွာ အလယ်တန်း ကျောင်းမှာ ၆-တန်းကျောင်းသားဘဝနဲ့ ပညာသင်နေတုန်းဖြစ်လို့ မိမိထံ ဝိသုဒ္ဓါရုံ ဓာတ်ကူးမလာသေးပါဘူး။ ၁၃၂၄-ခုနှစ်၊ ရဟန်းဖြစ်စ မန္တလေးမဟာဝိသုဒ္ဓါရုံကို ပညာသင်ဖို့ရောက်တော . "သံတော်ဆင့် စာချအကျော် အရှင်ဝါသဝါဘိဝံသသည် ရန်ကုန်သို့

http://www.dhammadownload.com

ပြောင်းရွေ့၍ စာသင်တိုက်အသစ်တည်ထောင်ကြောင်း" သတင်းကောင်းကြားရလို့ စိတ်ဝင်စားခဲ့ရပါတယ်။ ဝိသုဒ္ဓါရုံဓာတ်ကူးစပြုလာပြီပေါ့။

၁၃၂၇-ခုနှစ်၊ စေတိယင်္ဂဏ စာမေးပွဲဖြေဖို့ရန်ကုန်ရောက်တော့ အင်းလေးဓမ္မာရုံမှာ တည်းခိုတုန်း သွေးဆေးကန်ဦးပဏ္ဍိစ္စနှင့် အတူလမ်းလျှောက်ရင်း ဗဟန်း၊ နန္ဒဝန်လမ်းထဲ ရောက်လာခဲ့တယ်။ ဦးပဏ္ဍိစ္စက "နာမည်ကျော်ဆရာတော်ဦးဝါသဝါဘိဝံသရဲ့ ဝိသုဒ္ဓါရုံကျောင်းတိုက်ဆိုတာ ဒါဘဲ" လို့ လက်ညှိုးထိုးပြတော့ "တစ်ချိန်မှာ ဒီကျောင်းကို ငါ

http://www.dhammadownload.com

ရောက်လာနိုင်တယ်"လို့ တွေးမိသွားတယ်။ ဓာတ်နိုးစပ်လာတာပါ။ ကျောင်းထဲတော့ မဝင်ဖြစ်ခဲ့ပါဘူး။

၁၃၂၉-ခုနှစ်၊ နယုန်လမှာ သံတော်ဆင့် ဆရာတော် ဘဒ္ဒန္တဝိလောကရဲ့ အကူအညီနဲ့ ဗဟန်း မဟာဝိသုဒ္ဓါရုံဆရာတော်ရဲ့ ခြေတော်ရင်းကို နေထိုင်ဖို့ ရောက်ရှိခဲ့ပါတယ်။ ဓာတ်ကောင်းရှိတဲ့ဆရာတော်က ဓာတ်ကောင်းပြည့်တဲ့ ဆရာတော်ထံရောက်ဖို့ မိမိကို ပို့ဆောင်အပ်နှံပေးလိုက်တာပါ။ တကယ်ဓာတ်ကူးခွင့်ရပြီပေါ့။ အဲဒီအချိန်မှာ တိုက်တည် ဆရာတော်ကြီးက သက်တော်(၅၉)နှစ်ပဲ

http://www.dhammadownload.com

ရှိပါသေးတယ်။

ဗဟန်း မဟာဝိသုဒ္ဓါရုံကို မိမိရောက်လာတော့ တိုက်တည်ဆရာတော်ကြီးက ဝမ်းသာအားရလက်ခံပြီး ကိုယ်တိုင် ပါဠိဝဋ်သကာကျောင်းထဲ လိုက်ပို့ပေးတယ်။ "ဒီနေရာမှာ ခဏနေဦး" လို့လဲ နေရာချထားပေးလိုက်တယ်။ ဒီတုန်းက ပါဠိဝဋ်သကာကျောင်းဆိုတာ တစ်ထပ်ကျောင်းကလေးသာဖြစ်ပြီး ဘုန်းကြီးဦးစန္ဒသိရီ၊ ဘုန်းကြီးဦးကောဏ္ဍည နှစ်ပါးနှင့် စာချတန်းဝင်စာသင်သားများ သီတင်းသုံးနေထိုင်တဲ့ကျောင်းပါ။

ဝါတွင်းရောက်တော့ ဆရာတော်ကြီးက

http://www.dhammadownload.com

စာချဆရာတော် ဦးသီလာစာရာဘိဝံသနေတဲ့ ဓမ္မာစရိယအုတ်ကျောင်းထဲမှာ မိမိကို နေရာ ချထားပေးလိုက်ပါတယ်။ စာချတန်း မပြီးသေး ပေမယ့် အရည်အချင်းကိုယုံကြည်တာနဲ့ စာချ ဘုန်းကြီးတာဝန်လဲ ပေးအပ်လိုက်ပါတယ်။ "နေ့ဆွမ်း ဆွမ်းခံမထွက်နဲ့" လို့လဲ ချီးမြှောက် လိုက်ပါတယ်။

ဆရာတော်ဘုရားကြီးဆီမှာလဲ ကိုယ်က စာ(၂)ဝါတက်၊ ကိုယ်ကလဲ စာသင်သားများ ကို စာ(၂)ဝါချပို့လို့ အချိန်ပြည့်အလုပ်လုပ်ခွင့် ကြိုးစားခွင့် ရနေပါတယ်။ အဲဒီနှစ်က ရန်ကုန် ဝိသုဒ္ဓါရုံ ဝါဆိုသံဃာ(၃၅)ပါးပဲ ရှိပါတယ်။

http://www.dhammadownload.com

ဆရာတော်ကြီးက နေ့စဉ်စာချလို့လဲပေးတယ်။ ဆုံးမသွန်သင် လမ်းညွှန်လို့လဲ ပေးတယ်။ မပျင်းမရိ သြဝါဒပေးတော်မူတယ်။ တိုက်ရိုက် ဓာတ်ကူးခွင့်ရနေပါတယ်။

ဆရာကောင်းရဲ့ ဓာတ်ကောင်းများကို မိမိထံ ကူးယူပေါင်းစုသိမ်းလို့ ကိုယ်ကလဲ အများအတွက် ကူးပြောင်းဖြန့်ဝေပေးနိုင်ခွင့်ကို အားတက်ဖွယ်ရရှိလာခဲ့ပါတယ်၊ ဓာတ်ကောင်းကို ယူလဲယူရတယ်။ ပေးလဲပေးရတယ်၊ ဆရာတော်ကြီးရဲ့ အားတက်ဖွယ် အားပေးစကားများကြောင့် တိပိဋကဓာတ်များတောင် အဆင့်ဆင့် ကူးပြောင်းလာပါတယ်။ တိုက်တည်

http://www.dhammadownload.com

ဆရာတော်ကြီးဟာ သံမဏိစည်းကမ်းများနဲ့ ကျောင်းတိုက်ကို စနစ်တကျအုပ်ချုပ်ပါတယ်။

၁၃၃၉-ခုနှစ်၊ တန်ဆောင်မုန်းလ သက္ကရာဇ်(၆၉၉)နှစ်အရွယ်မှာ ကျန်းမာရေးမပြည့်စုံတော့လို့ ကျောင်းတိုက်တာဝန်ကို တပည့်ကြီး(၂)ပါးထံအပ်ပြီး နှုတ်နဲ့လမ်းညွှန်ရုံမျှသာကြီးကြပ် အုပ်ချုပ်ပါတော့တယ်။ မကျန်းမာပေမယ့် ဓာတ်ကောင်းကူးမြဲကူးပေးလျက်ပါ။ ဆရာတော်ကြီးဟာ နီးကပ်လာတဲ့ သေခြင်းတရားကို အနိုင်ယူနိုင်ဖို့ ဘာဝနာအလုပ်ကို အထူးဆင်ခြင်ပွားများရင်း ကြိုတင်ပြင်ဆင်

http://www.dhammadownload.com

နေပါတယ်။

ပိုအံ့သြဖို့ကောင်းတာက ရဟန်းရှင်လူ အားလုံးအတွက် အကျိုးကျေးဇူးများလှတဲ့ "သဗ္ဗမင်္ဂလ ဓမ္မဒေသနာ" ဆိုတဲ့ ကျမ်းစာအုပ် ထူထူကြီးကို ပြုစုတော်မူနိုင်ခြင်းပါ။ အဲဒီ အချိန်မှာ ဆရာတော်ကြီးဟာ သက်တော် (၇၀)ဝန်းကျင်သာ ရှိသေးတာဖြစ်လို့ အရွယ် မကြီးလှသေးပေမယ့် အရိုးကင်ဆာရောဂါ နှိပ်စက်ခံနေရတာကြောင့် ရုပ်ပိုင်းဆိုင်ရာ အလွန်ယိုယွင်းနေပါပြီ။ နောက်တစ်ခုက သက်တော်(၆၀)ကျော်လာကတည်းက မှုံလာ ခဲ့တဲ့မျက်စိတွေဟာ အဲဒီအချိန်မှာ ဘာမှသဲသဲ

http://www.dhammadownload.com

ကွဲကွဲ မမြင်ရတော့ပါဘူး။ အထိုင်အထ အသွားအလာ အစားအသောက် ကိစ္စခပ်သိမ်း ဘေးက တွဲထူ ကူညီပေးနေရတဲ့အချိန်ပါ။

အဲဒီလို ရုပ်ဓာတ်တွေ ယိမ်းယိုင်ယိုယွင်း နာကျင်နေကြပေမယ့် တရားဓာတ်တွေကြောင့် စိတ်ဓာတ်တွေ ကြံ့ခိုင်ဖွံ့ဖြိုးနေပါတယ်၊ ဉာဏ်ဓာတ်တွေ သွက်လက်ထက်မြက်နေပါတယ်။ "ရုပ်တွေနာချင်နာပါ၊ စိတ်တော့ အနာမခံနိုင်ဘူး၊ ရုပ်မျက်စိတွေ မှုံချင်မှုံပါ၊ ဉာဏ်မျက်စိတော့ အကန်းမခံနိုင်ဘူး" လို့ စိတ်အားတင်းထားတော်မူနိုင်တယ်၊ ဓာတ်တွေ အလွန်ကောင်းတာပဲ၊ ရုပ်ဆင်းရဲတဲ့နောက်ကို စိတ်

http://www.dhammadownload.com

ဆင်းရဲတာ မလိုက်ပါစေပဲ ဒုက္ခကို ဉာဏ်နဲ့ စိန်ခေါ်အံတုပြီး အနိုင်ယူနိုင်ပါတယ်။

စိတ်ဓာတ်က ဒုက္ခကို အနိုင်ယူလွှမ်းမိုးနိုင်လောက်အောင်ကြံခိုင်နေတော့ ကျမ်းစာအုပ်ထူထူကြီးကို ပြီးဆုံးအောင်ပြုစွသွားနိုင်တယ်။ နူတ်နဲ့ပြောလိုက်, ရေးပြီးသားကို အဖတ်ခိုင်းပြီး ပြန်နားထောင်လိုက်နဲ့ပဲ ပြီးသွားတာပါ။ မျက်စိနဲ့ကြည့်ပြီး လက်နဲ့ရေးသားပြုစုတာ မဟုတ်ပါဘူး။ စိတ်ဓာတ်ကလဲ ကြံခိုင်၊ လက်တွေအလုပ်နှင့် ပေါင်းစပ်ရေးတာဖြစ်လို့ ဉာဏ်ဓာတ်ကလဲ သွက်လက်ထက်မြက်နေတော့ အောင်အောင်မြင်မြင်နဲ့ပဲ ပြီးဆုံး

http://www.dhammadownload.com

သွားပါတယ်။ စာအုပ်ကြီး အောင်မြင်ပြီးဆုံး သွားတော့ ဝမ်းသာကြည်နူးလိုက်တဲ့ဖြစ်ခြင်း၊ ဆရာတော်မျက်နှာကြည့်ရတာ လူမမာနဲ့တောင် မတူတော့ဘူး။ ပြုံးလို့ ရွှင်လို့၊ ဓာတ်ကောင်းတွေက လွှမ်းမိုးလို့ အနိုင်ယူသွားတာကိုး။

၁၃၄၁-ခုနှစ်၊ တော်သလင်းလ၊ သက်တော် (၇၁)နှစ်အရွယ်မှာ တိုက်တည်ဆရာတော်ကြီး လွန်တော်မူပါတယ်။ "ဒီကျောင်းတိုက်ထဲမှာ ဓာတ်ကောင်းတွေခိုင်မာအောင် ငါဆောင်ရွက်ထားခဲ့ပြီ၊ ငါ့တာဝန်ကျေပြီ၊ သင်တို့ ဓာတ်ကောင်းတွေ ကြာကြာတည်အောင် ဆက်ကြိုးစားကြ၊ ဓာတ်ကောင်းတွေကို ဓာတ်ဆိုးထက်

http://www.dhammadownload.com

လက်ဦးအောင်ယူကြ၊ ဓာတ်ကောင်းတွေ ဖြန့်ဝေပေးကြ" လို့ အပ်နှင်းတာဝန်ပေးခဲ့တဲ့ သဘောပါပဲ။ ဆရာတော်ကြီးဟာ ဓာတ်ကောင်း အစပျိုးတဲ့အချိန်ကစ လွန်တော်မူချိန်ထိ (၂၁)နှစ်ကြာအောင် ဗဟန်း မဟာဝိသုဒ္ဓါရုံရဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြိုးစား တော်မူခဲ့ပါတယ်။

၁၃၄၁-ခုနှစ်၊ တိုက်တည်ဆရာတော်ကြီး လွန်ပြီးချိန်ကစလို့ ဆရာတော် ဦးကောဏ္ဍည က ပဓာနနာယကတာဝန်၊ ယောဆရာတော် က ဒုတိယနာယကတာဝန်ကို လက်တွဲညီညီ ထမ်းဆောင်ခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့

http://www.dhammadownload.com

သံမဏိစည်းမျဉ်းများကို လုံးဝမပြင်ဆင်ပဲ ခေတ်အလျောက် အနည်းငယ်ဖြည့်စွက်ပြီး ကျောင်းတိုက်တိုးတက်အောင် အစွမ်းကုန် ကြိုးစားခဲ့ကြပါတယ်။ ဓာတ်ကောင်းမပျောက် အောင်ထိန်းလို့ ဓာတ်ကောင်းတွေဆက်ယူလို့ ဓာတ်ကောင်းတွေဆက်ဖြန့်လို့ နိုးနိုးကြားကြား အဆက်မပြတ် ကြိုးစားခဲ့ကြတာပါ။

ယောဆရာတော်က ဟောပြောရေး တာဝန်နှင့် အကြံဉာဏ်ပေးတဲ့တာဝန်ကို ထမ်းဆောင်ပြီး ပဓာနဆရာတော်က ပရိသတ် အုပ်ချုပ်ရေးကို အဓိကတာဝန်ယူပါတယ်။ "နဿန္တိ ဗဟုနာယကာ" ဆိုတဲ့အတိုင်း

http://www.dhammadownload.com

နာယကများရင် ပျက်စီးတတ်တယ်။ ဒါ
ကြောင့် ပဓာနနာယကရဲ့ သဘောအတိုင်းပဲ
အုပ်ချုပ်စေတယ်။ ကိုယ်က အကူအညီ
လောက်ပါပဲ။ ဓာတ်အဆက်ပြတ်လဲ မခံဘူး။
ဓာတ်ပျက်လဲ မခံဘူး။ ပိတိုးအောင်သာ ကြိုး
စားကြတယ်။ တစ်ချို့က ယောဆရာတော်ကို
မကြာမကြာ ပြောလာကြတယ်။ "တိပိဋက
ပြီးနေမှတော့ ဒုတိယနာယက လုပ်မနေပါနဲ့
တော့၊ ကိုယ့်ကျောင်းနဲ့ကိုယ် ခွဲနေပါတော့၊
ကျောင်းတိုက်သစ် တည်ထောင်ပါတော့၊
ကိုယ့်ကျသရိယနဲ့ကိုယ် ခွဲနေတာပဲ ကျက်
သရေရှိပါတယ်" တဲ့။

http://www.dhammadownload.com

ယောဆရာတော်က "တိုက်တည်ဆရာတော်ကြီးက ကိုယ့်ကိုယုံကြည်လို့ တာဝန်ပေးထားခဲ့တာ၊ ကျောင်းတိုက်ကို မျက်နှာလွဲသွားရင် တာဝန်မဲ့လွန်းရာရောက်မယ်၊ ဒီမဟာဝိသုဒ္ဓါရုံဟာလဲ ကိုယ့်ကျောင်းပါပဲ၊ ဒုတိယနာယကဆိုတာက သူများတွေခေါ်ကြတာပါ၊ ဦးပဉ္ဇင်းကခေါ်တဲ့စကားမဟုတ်ပါဘူး၊ တကယ်တော့ ဦးပဉ္ဇင်းဟာ မဟာဝိသုဒ္ဓါရုံရဲ့ သာမန်စာချဘုန်းကြီးတစ်ပါးပါ၊ ဓာတ်ကောင်းတူညီကြတဲ့ညီနောင် ၂-ပါး ညီညွတ်ရေးကို သက်သေပြ ကြိုးစားနေကြတာပါ" လို့ပြောပြတော့ လက်လျှော့သွားကြဟန် တူပါတယ်။ ထပ်

http://www.dhammadownload.com

မပြောကြတော့ပါဘူး။

မိမိနှင့်လက်တွဲညီလှတဲ့ ဆရာတော်ဦးကောလွှာညဟာ ၁၈-နှစ်တာဝန်ထမ်းဆောင်ပြီး ၁၃၅၉-ခု၊ ဝါခေါင်လမှာ လွန်တော်မူခဲ့ပါတယ်။ မိမိကပဲ ပဓာနနာယကတာဝန်ကို ယူပြီး စာချဘုန်းကြီးများနှင့်တွဲဖက်လို့ ဓာတ်ကောင်းတွေ ဆက်ထိန်းနေပါတယ်။ ကျောင်းထိုင်ဘုန်းကြီးမလုပ်ချင်ပေမယ့် အလှည့်ကျလာတော့ ကျရာတာဝန်ကို ထမ်းရတော့တာပဲ။

အရင်ဆရာတော်ကြီး ၂-ပါး လက်ထက်က သံမဏိစည်းမျဉ်းအတိုင်းပဲ အုပ်ချုပ်ပါ

http://www.dhammadownload.com

တယ်။ ခေတ်အလျောက် နည်းနည်းပါးပါး ပြင်တန်သင့်တာပြင်, နောက်ထပ်ဖြည့်စွက်သင့်တာ ဖြည့်စွက်ပေးရတာပေါ့။ ဆရာတော်ကြီးတွေကို ပူဇော်တဲ့အနေနဲ့ ပိတိုးတက်အောင် လုပ်ပေးရတာပါ။

အထူးအားဖြင့်တော့ အရင်ဆရာတော်ကြီး ၂-ပါးလက်ထက်က ကိစ္စခပ်သိမ်း နေ့ချခပ်သိမ်းမှာ တစ်ပါးတည်းချည်း တာဝန်ယူအုပ်ချုပ်နေရတော့ ကိုယ်ရော စိတ်ရော အလွန်ပင်ပန်းရတာကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရတာကြောင့် မိမိလက်ထက်ကျတော့ ခွဲဝေအုပ်ချုပ်ပါတယ်။ အရင်က အစဉ်အလာ

http://www.dhammadownload.com

မရှိခဲ့တဲ့ တိုက်အုပ်, တိုက်ကြပ်တွေ ခန့်အပ်တာဝန်ပေး အုပ်ချုပ်စေတယ်။ ကိုယ်က လမ်းညွှန်ကြီးကြပ်စစ်ဆေးစီစစ်ရုံပါပဲ။ တော်တော်အဆင်ပြေပါတယ်၊ တာဝန်လဲ ပေါ့ပါးလာပါတယ်၊ ပရိသတ်ကို အကြောင်းပြုပြီး မွန်းကျပ်ပူလောင်မနေပါဘူး။

ပြီးတော့ စာချဘုန်းကြီးတွေကိုပါ နေရာအလိုက် အချိန်အခါအလိုက် အုပ်ချုပ်နိုင်အောင် စီစဉ်ထားပါတယ်။ အရင်က မရှိခဲ့သေးတဲ့ "အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်များကို အမြဲလေးစားရမည်။ အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်များကို ကိုယ်နှုတ်ဖြင့် မထီမဲ့မြင်မပြုရ။

http://www.dhammadownload.com

မထီမဲ့မြင်ပြုလျှင် ကျောင်းတိုက်မှ ချက်ချင်း ထွက်ခွာသွားရမည်" ဆိုတဲ့ စည်းမျဉ်းကိုပါ ထည့်သွင်းပေးခဲ့ပါတယ်။ တော်တော် အဆင်ပြေ အကွက်စေ့သေချာတာကို တွေ့ရတယ်။

တိုက်အုပ် တိုက်ကြပ် စာချဘုန်းကြီးတွေကိုပါ အုပ်ချုပ်ရေးတာဝန် ခွဲဝေပေးထားတော့ အရာရာ စိတ်အေးရ စိတ်ချရတယ်။ ဘယ်သွားသွား ကြောင့်ကြစရာမလိုဘူး။ ကိုယ်မရှိတဲ့နောက်လဲ သူတို့ပဲ ဆက်အုပ်ချုပ်ရမှာပါ။ ကိုယ့်အသက်ကလဲ (၆၆)နှစ်ရှိပြီဆိုတော့ နောက်ထပ် သိပ်ကြာကြာနေရမှာမှ မဟုတ်တော့ပဲ။ ဘယ်ခန္ဓာမှ ခိုင်မြဲတာမဟုတ်တော့

http://www.dhammadownload.com

ဘယ်သူမှ အစဉ်ထာဝရ နေခွင့်မရှိပါဘူး။ နေရတုန်း ဗုဒ္ဓသာသနာကိုမှီပြီး ဓာတ်ကောင်းတွေများများရအောင် သတိထားကြိုးစားကြရုံပေါ့။ ဓာတ်ကောင်းဖြန့်ဝေလို့လဲ ပေးရမှာပေါ့။

ရန်ကုန်မြို့၊ ဗဟန်း၊ ကျစ္ဆာသယ မဟာဝိသုဒ္ဓါရုံဟာ ကျစ္ဆာသယဆရာတော်, သံတော်ဆင့်ဆရာတော်, မဟာဝိသုဒ္ဓါရုံတိုက်တည်ဆရာတော်, နောင်တော်ကြီး ဆရာတော်ဦးကောဇ္ဇာညက စလို့ ယနေ့အထိ ဓာတ်ချင်းဆက်ပြီး ညီညာတက်ကြွ ကြိုးစားလာခဲ့ကြတာကြောင့် တစ်နေ့တစ်ခြား စည်ကားတိုးတက်ဖွံ့ဖြိုးလာခဲ့တာ နှစ်(၅၀)တိတိ ပြည့်လာ

http://www.dhammadownload.com

ပါပြီ။ တိုက်တည်ဆရာတော်ကြီးလဲ ရှိသေးရင် သက်တော်(၁၀၀)တိတိပြည့်လာပါပြီ။ အသက်ထင်ရှားမရှိတော့သော်လဲ ဓမ္မဓာတ်အားဖြင့် အမြဲရှိနေပါတယ်။

နှစ် (၅၀)ပတ်လုံး အဆက်မပြတ် မရပ်မနား ညီညွတ်မှုအားနဲ့ ကြိုးစားအလုပ်လုပ်ခဲ့ကြလို့ နှစ်စဉ်နှစ်တိုင်း အောင်ပန်းတွေ အဆင့်ဆင့် ပွင့်လန်းဝေဆာနိုင်ခဲ့ကြပါတယ်။ ရဟန်းရှင်လူအများရဲ့ အမြဲကုသိုလ်ပွားရာဌာနဖြစ်နေပါတယ်။ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးရာဌာနဖြစ်ပြီး စာချစာသင်သံယာများ ပစ္စည်း ၄-ဖြာ ပြည့်စုံစွာနဲ့ ကံစွမ်း ဉာဏ်စွမ်း လုံလ

http://www.dhammadownload.com

စွမ်းကို စိတ်အေးချမ်းစွာ ဖော်ထုတ်ပြနေတဲ့ နေရာလဲ ဖြစ်နေပါတယ်။

တကယ်အလုပ်လုပ်တဲ့ ဆရာတော်ကြီးများရဲ့ မာတ်ကောင်းမျိုးစေ့ ကြဲချရာဌာနဖြစ်နေတာကြောင့် တကယ်အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေသာ နေထိုင်နိုင်ကြပါတယ်။ တကယ်နေခွင့်ရသူတွေ တကယ်ပဲ ကြိုးစားအားထုတ်အလုပ်လုပ်ကြပါတယ်။ တစ်ချို့ကျောင်းတိုက်တွေမှာ ကျောင်းတိုက်တည်ဆရာတော်ပုံလွန်တော်မူသွားတာနဲ့ ကျန်ရှိနေခဲ့တဲ့ တပည့်များဟာ ဆက်လက် ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပဲ ယိမ်းယိုင်ပြိုလဲသွားကြတာတွေ

http://www.dhammadownload.com

တွေ့မြင်ကြားသိရပါတယ်။ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံမှာတော့ ဒါမျိုးအဖြစ်မခံပါဘူး။ ဓာတ်ကောင်းချင်း လက်ဆင့်ကမ်းပြီး ရှေးကထက်ပိုတိုးတက်အောင်သာ ညီညီညွတ်ညွတ်ကြိုးစားကြပါတယ်။ ရှေ့ဆက်လို့လဲ ဆရာ့ဓာတ်ကောင်း လမ်းကြောင်းခင်းပြီး အစွမ်းကုန်ကြိုးစားနေကြဦးမှာပါ။ လာဘ သက္ကာရတွေလည်စားတာမခံရအောင်လဲ အထူးသတိထားနေကြပါတယ်။

ဒါ့ကြောင့် သက်တော်(၅၀)အရွယ်မှာ သံမဏိစည်းကမ်းတိုင်ကြီးများ ခိုင်ခိုင်မာမာစိုက်ထူကာ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်း

http://www.dhammadownload.com

တိုက်ကို ဓာတ်ကောင်းပျိုး မျိုးစေ့ချပြီး တည်
ထောင်တော်မူခဲ့တဲ့, (၂၁)နှစ်ပတ်လုံး ဓာတ်
ကောင်းတည်တံ့ခိုင်ခဲ့အောင် အစွမ်းကုန်ကြိုး
စားသွားတော်မူတဲ့, ဘုဏ်စွမ်း လုံ့လစွမ်း ဓာတ်
ကောင်းများခင်းပေးတော်မူခဲ့တဲ့, နှစ်(၅၀)ပြည့်
သည်ထိ (၂၉)နှစ်ပတ်လုံး ဆက်ကြိုးစားနိုင်
အောင် ဦးဆောင်ပေးတော်မူခဲ့တဲ့, သက်တော်
(၁၀၀)တိတိ ပြည့်တော်မူပြီဖြစ်တဲ့, ရေတွက်
တိုင်းတာ မရနိုင်လောက်အောင် ဂုဏ်ကျေးဇူး
တော်များပြားလှတဲ့, ကျေးဇူးတော်ရှင် ဗဟန်း
မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်တည်ဆရာတော်
ကြီးအား ဆရာတော်ကြီး ခင်းထားတဲ့လမ်း

http://www.dhammadownload.com

ကြောင်းပေါ်ကနေပြီး ဦးအကြိမ်ကြိမ်ချကာ "ဓာတ်" ဆိုတဲ့ စာပန်းကုံးနဲ့ လေးမြတ်ကော်ရော် ပူဇော်လိုက်ပါတယ်။

အားလုံးချမ်းသာကြပါစေ

တိဝိဋ္ဌကယောဆရာတော်

မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

(၁၃၇၀-ပြည့်နှစ်၊ ဖြာသိုလ၊ ၂၀၀၈-ခုနှစ်၊ ဒီဇင်ဘာလ)

http://www.dhammadownload.com

(ကျေးဇူးရှင် ဘာသာဋီကာကျမ်းပြု အကျော် အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး အရှင်ဇနကာဘိဝံသသည် ရန်ကုန် ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တည် ဆရာတော်ဘုရားကြီး အရှင်ဝါသဝါဘိဝံသ၏ ပရိယတ္တိ ဓမ္မလမ်းပြဆရာရင်းဖြစ်ပါသည်။ ဆရာတော် အရှင်ဇနကာဘိဝံသ မန္တလေးမြို့ အဘယာရာမကျောင်းတိုက်၌ စာချဘုန်းကြီး ဘဝဖြင့် သီတင်းသုံးစဉ် ဆရာတော် အရှင် ဝါသဝါဘိဝံသ က စာသင်သားရဟန်းဘဝဖြင့် စာပေသင်ယူခဲ့ရခြင်းဖြစ်သည်။ ဘာသာဋီကာ ကျမ်းစာအုပ် ၁-မျိုးရိုက်နှိပ်ပြီးတိုင်း ဆရာတော်

http://www.dhammadownload.com

ကြီးက ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော်ထံ ၁-အုပ် အမြဲပေးပို့လှူ ဒါန်းလေ့ရှိသည်။

ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသသည် ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ၏ သင်ဆရာရင်းဖြစ်သကဲ့သို့ တိပိဋကယောဆရာတော်၏ အတုမြင်အတတ်သင်သည့် မြင်ဆရာ, ကြားဆရာလည်းဖြစ်သည်။ အများအားဖြင့် ဆရာတော်ကြီး၏ ဘာသာဋီကာကျမ်းများဖြင့် ယောဆရာတော်သည် ပိဋကပင်လယ်ကို အထိုက်အလျောက် ကူးခပ်နိုင်ခြင်းဖြစ်သည်။ ဆရာတော်ကြီးသည် ယောဆရာတော်၏ ကျေးဇူးရှင်အစစ်လည်း ဖြစ်

http://www.dhammadownload.com

ပါသည်။

ထို့ကြောင့် ဘာသာဋီကာကျမ်းပြုအကျော်အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ် ပူဇော်ပွဲအတွက် တိပိဋကယောဆရာတော် ရေးသားပူဇော်ပေးခဲ့သည့် "ဓာတ်" တရားတော်ကို ကြုံကြိုက်တိုက်ဆိုင်လာသော ရန်ကုန် ဗဟန်း မဟာဝိသုဒ္ဓါရုံ တိုက်တည်ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ မဟာထေရ်မြတ်၏ သက်တော် (၁၀၀)ပြည့်အထိမ်းအမှတ် အထူးလက်ဆောင်အဖြစ် ထုတ်ဝေလိုက်ပါသည်။

အမှန်အားဖြင့် အမရပူရ မဟာဂန္ဓာရုံ

http://www.dhammadownload.com

ဆရာတော်ကြီးသည် သက်တော်(၁၀၀)ပြည့်အောင် မနေလိုက်ရပါ။ (၇၈)နှစ်တွင် လွန်တော်မူခဲ့ပါသည်။ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်တည်ဆရာတော်ကြီးသည်လည်း သက်တော်(၁၀၀)ပြည့်အောင် မနေလိုက်ရပါ။ (၇၁)နှစ်၌ လွန်တော်မူခဲ့ပါသည်။ ဓမ္မအားဖြင့် ရှိနေသောဂုဏ်ကိုသာ အာရုံပြု၍ ရာပြည့်အဖြစ် ပူဇော်နေခြင်းဖြစ်ပါသည်။)

(ဘိဒိဋ္ဌကယောဆရာတော်)

http://www.dhammadownload.com

ဓာတ်

(တိပိဋကဓရ အရှင်သိရိနန္ဒာဘိဝံသ)



စွမ်းရည်ထူးခြား ဂုဏ်ကြီးမားသည့်၊
တရားလုံးစုံ၊ အကုန်သိတတ်၊
ဘုရားမြတ်၊ မချွတ်ပွင့်ခဲ့သည်။



စာပေကျမ်းဂန်၊ လမ်းမှန်ပြောကြား၊
တရားဟောတတ်၊ ပုဂ္ဂိုလ်မြတ်၊
မချွတ်ရခဲသည်။

http://www.dhammadownload.com

 တရားဆည်းပူး စွမ်းရည်ထူးကြောင့်၊
ကျေးဇူးသိတတ်၊ ထုတ်ဖော်တတ်၊
လူမြတ်ကိုလည်း ရခဲသည်။

 ပုဂ္ဂိုလ်ထူးမျာ၊ ပေါ်လာကြာ၊
အများချမ်းသာသည်။

 ရှေးရှေးဓာတ်ကောင်း နောက်သို့ပြောင်း
အကောင်းပေါ်လာသည်။

"ဓာတ်" ဟူသောစကားသည် လောက သာသနာ အရာခပ်သိမ်း၌ အသုံးဝင် တွင်ကျယ်နေသောစကားဖြစ်သည်။ ဓာတ်ကောင်းသည်, ဓာတ်ခိုက်သည်, ဓာတ်ကူးသည်, ဓာတ်လိုက်သည်, ဓာတ်ဆင်သည်, ဓာတ်ရိုက်

http://www.dhammadownload.com

သည် စသည်ဖြင့် နှုတ်တွင်၍ နှားယဉ်နေသည်။ လူစသော သတ္တဝါများသည် ဓာတ်တူချင်းသာ စုစည်းနေကြသည်။ ဓာတ်တူမှသာ ပေါင်းနှိုင်၍ ဓာတ်မတူလျှင် မပေါင်းနှိုင်ကြ၊ ဓာတ်ဆိုးချင်းဆုံ၍ ဓာတ်ကောင်းချင်း ပေါင်းမိကြသည်။ အဆိုးဓာတ်ချင်းကူးယူ၍ လွယ်ကူသော်လည်း အကောင်းဓာတ်ပေါ်အောင် ကူးယူဖို့ ခက်ခဲတတ်သည်။ အဆိုးဓာတ်ဖြစ်ဖို့ လွယ်သလောက် အကောင်းဓာတ်ဖြစ်ရန် ခဲယဉ်းလှသည်။ အဆိုးဓာတ်ဖြစ်ရန်အကြောင်းစုံဖို့မလိုသော်လည်း အကောင်းဓာတ်ဖြစ်ဖို့ကား အကြောင်းအရပ်ရပ် စုံရလေသည်။

http://www.dhammadownload.com

ဘုရားရှင်တို့သည် ဘုရားဖြစ်ချိန်၌ ဆရာအကူအညီ မလိုအပ်သော်လည်း ပါရမီဖြည့်ချိန်၌ကား ရှေးရှေးဘုရားရှင်တို့၏ ဓာတ်ကို ထုံနေအောင် ကူးယူကြရသည်။ ရှေးရှေးဘုရားရှင်တို့၏ ဓာတ်အားလုံးကို ကူးယူလက်ခံနိုင်မှသာ ဘုရားဖြစ်တော်မူကြသည်။

(၁) ဓာတ်ကောင်းအားလုံးကို လက်ခံရခြင်း

(၂) ရှေ့ဓာတ်နှင့်နောက်ဓာတ် ဆက်စပ်မိအောင် မပြတ်လေ့ကျင့်ရခြင်း

(၃) ဓာတ်ကောင်းထုံနေအောင် ကာလရှည်ကြာ ဇွဲရှိရခြင်း

(၄) ဓာတ်ကောင်းတည်လျက် ရင့်ကျက်မြင့်

http://www.dhammadownload.com

တက်လာအောင် အလုပ်လေးစား စိတ်
အားထက်သန်မှုရှိရခြင်းဟူသော လမ်းစဉ်
၄-ချက်ကို ခြွင်းချက်မရှိ အပြည့်လိုက်နာနိုင်မှ
အထွဋ်အထိပ်ရောက်နိုင်ကြသည်။ အကောင်း
ဓာတ်စုံလင်ပြည့်ဝရန် ခဲယဉ်းလွန်းလှသဖြင့်
တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်တစ်ဆူ
ပွင့်ပေါ်လာရန် အလွန်ခက်ခဲရခြင်းဖြစ်သည်၊
ဘုရားတစ်ဆူပွင့်လာလျှင်ကား ဓာတ်ကူးယူ
လို သူတို့အတွက် အကောင်းဆုံးသော
ပဒေသာ အခွင့်အရေးကြီးဖြစ်ရသည်။

ဓာတ်စုဆောင်း ဖော်ထုတ်ပေးသူရှိလျှင်
ဓာတ်ကူးပြောင်းဆက်သွယ်ပေးသူရှိမှ ဓာတ်

http://www.dhammadownload.com

ကူးယူလက်ခံခွင့်ရရှိကြမည်ဖြစ်သည်။ စာပေကျမ်းဂန် လမ်းမှန်ပြောကြား တရားဟောပေးသူရှိမှ လေ့လာသင်ယူ နာကြားခွင့်ရရှိမည်ဖြစ်၏။

(၁) နှံ့စပ်ကျွမ်းကျင်ခြင်း

(၂) ဝါသနာထုံ၍ စိတ်ပါဝင်စားမှုရှိခြင်း

(၃) အကျိုးလိုလား မေတ္တာထားကာစေတနာထက်သန်ရခြင်း

(၄) ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံနိုင်ခြင်း

ဟူသော အရည်အချင်းများရှိထားမှ တရားကိုဖြန့်ဝေပေးနိုင်ကြသည်။ ထူးခြားသော တရားဖြန့်ဝေပေးနိုင်သူကား ရှားပါးလှ၏။ ရခဲ

http://www.dhammadownload.com

သလောက် တန်ဖိုးမဖြတ်နိုင်၊ ဓာတ်ကောင်းကို ကူးပြောင်းပေးသူသည် ဆက်သွယ်ရေးတာဝန်ခံကြီးများဖြစ်သည်။

ဓာတ်ကူးပြောင်းပေးသူရှိလျှင် ဓာတ်ကူးယူ လက်ခံတတ်မှ ရေးရေးဓာတ်ကောင်းနောက်သို့ပြောင်း၍ အကောင်းဓာတ်များ ဆက်ကာ ဆက်ကာ ပေါ်ပေါက်ပြန့်ပွားလာနိုင်မည်ဖြစ်သည်။

(၁) ဓာတ်ကောင်းကို လက်ခံနိုင်ခြင်း

(၂) မတိမ်းစောင်းအောင် ထိမ်းကျောင်းနိုင်သော အထိန်းကောင်းရှိရခြင်း

(၃) မဆုတ်မရပ် မချော်ရအောင် တွန်းပေးနိုင်

http://www.dhammadownload.com

သော တွန်းအားကောင်းရှိရခြင်း

(၄) လမ်းမမှားအောင် ညွှန်ကြားပေးနိုင်သော လမ်းညွှန်ကောင်းရှိရခြင်း

ဟူသော အခြံအရံ အကြောင်းတရားများ ပြည့်စုံညီညွတ်မှ ဓာတ်ကောင်းတည်ရှိ ပြည့်ဝနိုင်ကြသည်။ တရားအသိဓာတ်ကို ရရှိသွားသူများသည် တရားစွမ်းအားကို သိမြင်သွားကြသဖြင့် တရားနှင့် တရားဆက်သွယ်ဖြန့်ဝေပေးသူအပေါ် ကျေးဇူးအထူးသိကြသည်။ ကျေးဇူးတုန့်ဆပ် လေးမြတ်ကော်ရော်ပူဇော်ကြသည်။ ကျေးဇူးကို လေးနက်စွာ အသိအမှတ်ပြုသည်။ ပေါ်လွင်အောင် ထုတ်ဖော်ပေးသည်။ စွမ်းနိုင်

http://www.dhammadownload.com

သမျှ ဆပ်သည်။ ဓာတ်ကောင်းကိုရအောင် လက်ခံစုဆောင်း၍ ပြန်လည်ဖြန့်ဝေပေးတတ်သည်။

ဘုရားရှင် (၀၀) ဘုရားသာသနာသည် ဓာတ်ကောင်းစုံ ပေါင်းဆုံစုဝေးရာဖြစ်၍ လမ်းညွှန်ဆုံးမ ဟောညွှန်ပြတတ်သော သင်ဆရာ, မြင်ဆရာ, ကြားဆရာတို့သည် ဓာတ်ကူးဆက်သွယ်ပေးသူများဖြစ်ပြီး တပည့်များနှင့် လေ့လာသင်ယူ နာကြားသူအားလုံးသည် ဓာတ်ကူးယူ လက်ခံသူများ ဖြစ်ကြသည်။ ဘုရားရှိခိုးပူဇော်သူ ဘုရားဂုဏ်တော်ပွားသူတို့သည်လည်း ဘုရားရှင်၏ဂုဏ်တော်

http://www.dhammadownload.com

တန်ခိုးဓာတ် ကျက်သရေဓာတ် စသည်ကို ကိုယ့်သန္တာန်ရောက်ရှိလာအောင် ကူးပြောင်းနေသူများပင် ဖြစ်ပေသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး (တောင်မြို့ဆရာတော်)၏ ဓာတ်ကူးခံရသူများတွင် မိမိလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ မိမိသည် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ထံ၌ မနေထိုင်ဖူးပါ။ စာပေလည်း မသင်ယူဖူးပါ။ အတူနေတပည့် အနီးနေတပည့်လည်း မဖြစ်ခဲ့ဖူးပါ။ သို့သော် တောင်မြို့ဆရာတော်၏ နည်းစနစ်ဖြင့်သာ အများဆုံးသာသနာ့ပင်လယ်ကို ကူးခပ်ခဲ့ပါသည်။ ဆရာ

http://www.dhammadownload.com

တော်လမ်းညွှန်ဖြင့်သာ သာသနာ့လမ်းကြောင်း
ပေါ် လျှောက်လှမ်းခဲ့ရသည်က များပါသည်။

မိမိထံ ၁၃၁၅-ခုနှစ် ၁၁-နှစ်သားအရွယ်
ကစ၍ အမရပူရ မဟာဂန္ဓာရုံဆရာတော်၏
ဓာတ်ကူးလာခဲ့သည်။ တောင်မြို့ဆရာတော်၏
ဓာတ်သည် ၁၃၁၅-ခုနှစ် မူလတန်းကျောင်း
သားဘဝကစ၍ မိမိထံရောက်ရှိလာခဲ့သည်။
ဗုဒ္ဓဘာသာ သင်ခန်းစာစာအုပ်ငယ်ကို စတင်
လေ့လာခွင့်ရသည်။ ဆရာများက "ဒီစာအုပ်
ငယ်ကလေးက မြန်မာစာကောင်းကောင်း
ဖတ်တတ်ရင် သဘောပေါက် နားလည်လွယ်
တဲ့စာအုပ်ပဲ၊ စိတ်ပါလက်ပါ ဖတ်ကြည့်စမ်း

http://www.dhammadownload.com

ပေါ့"ဟုပြောကာ ဗုဒ္ဓဘာသာ သင်ခန်းစာ စာအုပ်ငယ်တစ်အုပ်ကို ပေးခဲ့ကြသည်။

နိဒါန်းကစ ဖတ်ကြည့်သည်။ မည်သူ့ကို မဆို အမှန်အတိုင်းသိစေလိုသော ဆရာတော်၏ မေတ္တာ စေတနာများ စာလုံးတိုင်းပေါ်လွင်နေသည်။ "အရှင်ဇနကာဘိဝံသ"ဟု နေရပ်လိပ်စာမပါဘဲ ဘွဲ့အမည်ရေးထားသည်။ သဘောပေါက် နားလည်လွယ်သော စကားအသုံးအနှုန်းများဖြင့် လူငယ်ကလေးများ၏ စိတ်အစဉ်အတွင်း အသိတရားထည့်သွင်းပေးနိုင်သော ဆရာတော်၏ အံ့ဖွယ်စွမ်းရည်ကို သိရှိခွင့်ရသည်။ ဆရာတော်၏ မေတ္တာ

http://www.dhammadownload.com

စေတနာနှင့်အတူ "အရှင်ဇနကာဘိဝံသ" ဟူသော ဘွဲ့အမည် နာမဓာတ်သည် မိမိ၏စိတ်ကို သိမ်းကျုံးယူနိုင်စွမ်းရှိလေသည်။ ဆရာတော်ကိုယ်တိုင် အနားကထိုင်၍ ပြောပြ သင်ကြားပေးနေသကဲ့သို့ ထင်မှတ်နေမိသည်။ ထိုအချိန် ထိုအရွယ်မှစ၍ ဆရာတော်၏ စာအုပ်များနှင့်ရင်းနှီးလာခဲ့သည်။ ကလေးသူငယ်များ သဘောပေါက် နားလည်လွယ်အောင် ရေးသားပေးနိုင်သော ဆရာတော်၏ မေတ္တာ စေတနာ ပညာစွမ်းကို အထူးလေးစားအားထားမိခဲ့သည်။

သာမဏေဘဝရောက်၍ ပရိယတ္တိပညာ

http://www.dhammadownload.com

ကို စတင်သင်ကြားရသောအခါ၌လည်း ဆရာတော်၏ အခြေပြုနှင့်ဘာသာဋီကာကျမ်းများဖြင့်သာ အများဆုံး သင်ယူကြိုးစားခွင့်ရခဲ့သည်။ ဆရာတော်သည် အသိရှင်းသဖြင့် အရေးလည်းရှင်းသည်။ ဆရာတော်၏စာအုပ်များကို ဖတ်ရှုလေ့လာရသည်မှာ မပျင်းရိ၊ ဆွဲဆောင်မှုအပြည့်ရှိသည်။ သဘောပေါက်နားလည်လွယ်သည်။

ရဟန်းဘဝရောက်၍ ခေတ်အလျောက် စာမေးပွဲအဆင့်ဆင့်ဖြေဆိုရန် စာပေအဆင့်ဆင့်ကို လေ့လာသင်ယူရသောအခါ၌လည်း အနိမ့်ဆုံး ပထမငယ်မှ အမြင့်ဆုံး တိပိဋကဓာ

http://www.dhammadownload.com

ဓရစာမေးပွဲထိ အဆင့်အားလုံး ဆရာတော်၏ ကျမ်းစာအုပ်များကို အများဆုံး လက်စွဲပြု၍သာ စာပေလမ်းကြောင်းကို ဖြောင့်မတ်စွာ လျှောက်လှမ်းခွင့် ရခဲ့သည်။ မည်သည့်စာကိုပင် သင်ယူရသည်ဖြစ်စေ၊ ဘာသာဋီကာစာအုပ်မရှိသေးလျှင်သာ လက်လျှော့၏။ ဘာသာဋီကာရှိပြီးဖြစ်လျှင် မရမနေရာ၍ ဖတ်ရှုလေ့လာရမှ စိတ်အာသာပြေ၍ အားရိုတတ်သည်။ ဆရာတော်၏ ဘာသာဋီကာစာအုပ်ကို မဖတ်ရသေးလျှင် အသိမပြည့်စုံသေးဟုပင် စွဲလာသည်။

ဆရာတော့်စာများက စာဖတ်သူကို တစ်

http://www.dhammadownload.com

လုံးချင်း ဆွဲဆောင်နိုင်သော ဓာတ်သတ္တိပြည့်ဝ
သလောက် အသိဉာဏ်ကိုလည်း ရှင်းလင်း
တိကျပြည့်ဝအောင် ပေးနိုင်စွမ်းရှိသည်။ မိမိ၏
အောင်ပွဲအားလုံးသည် ဆရာတော်၏ကျမ်းစာ
များနှင့်ကင်း၍ အောင်ခဲ့သောပွဲဟူ၍ မရှိ
သလောက်ပင် ဖြစ်ပါသည်။ မှတ်သားဖွယ်
အဓိပ္ပါယ်အသစ်အဆန်းတစ်ခုခု တွေ့
ရလျှင်ပင် ဆရာတော်၏ ရှင်းရှင်းလင်းလင်း
မိန့်ကြားချက်ကို ဆက်လက်၍ ဖတ်ရှုလေ့လာ
လိုသော ဆန္ဒအာသာကတော့ အမြဲဖြစ်နေ
တတ်သည်။ ဆရာတော်သည် မြန်မာ့အရှင်
မဟာဗုဒ္ဓဃောသပင်ဖြစ်သည်။ အမှန်အားဖြင့်

http://www.dhammadownload.com

အမရပူရ မဟာဂန္ဓာရုံဆရာတော်သည် တစ်ပါး တည်းသော မြန်မာ့အဋ္ဌကထာ ကျမ်းပြုဆရာ တော်ပါတည်း။

ထိုမျှမက ဆရာတော်၏ ရတနာ့ဂုဏ် ရည်, အနာဂတ်သာသနာရေး, ကိုယ်ကျင့် အဘိဓမ္မာ, ဘုရားဥပဒေတော်ကြီး, ဘာသာ သွေးစသောစိတ်ဓာတ်နှင့် အကျင့်ပိုင်းဆိုင်ရာ ကျမ်းစာများဖြင့် မိမိ၏အသိစိတ်ကို သန့်စင် မြှင့်တင်နိုင်ခွင့်ရခဲ့သည်။ သာသနာ့ကိစ္စအား လုံး၌ လောကပကာသနမဖက် ဓမ္မပကာသန သက်သက်ဖြင့် သန့်ရှင်းစွာ လုပ်ကိုင်တတ် လာသည်။ အချိန်နှင့်အင်အားဖြုန်းတီးမှုကို

http://www.dhammadownload.com

ထိန်းချုပ်တတ်လာသည်။ ဆရာတော့်စိတ် ဓာတ်က မိမိကိုရှေ့ကနေ၍ အမြဲဆွဲဆောင် ထိန်းကွပ် တည့်မတ်ပေးနေသည်။ အဝေး ထိန်းခလုတ်ဖြင့် ရွေ့လျားနေရသော စက် ယန္တရားနှင့်တူလှသည်။

မိမိသည် အမရပူရ မဟာဂန္ဓာရုံကျောင်း တိုက်သို့ရောက်တိုင်း ဆရာတော်သီတင်းသုံးခဲ့ သည့် စံကျောင်းကလေးသို့ ဧကန်ရောက် အောင် သွားတတ်စမြဲ၊ ဓာတ်ကူးယူခြင်းပင် ဖြစ်ပါသည်။ အချုပ်ဆိုရလျှင် မိမိ၏စာသိ, ကျင့်သိ, သာသနာ့အသိအားလုံး ဆရာတော် ၏ဓာတ်နှင့်ကင်းသည်ဟုမရှိခဲ့၊ ဆရာတော့်

http://www.dhammadownload.com

ဓာတ်ကသာ နေရာယူ ရှေ့ဆောင်ပေးနေခဲ့သည်၊ မိမိ၏ဉာဏ်မျက်စိနှင့် ဉာဏ်နားကိုဖွင့်ပေးခဲ့သော ဆရာတော်ကျေးဇူးတော်များကား မိမိအတွက် ဆပ်မကုန်နိုင်အောင် များပြားလှသည့် အနန္တပါတည်း။

အတိတ်ကံကောင်းကို အရင်းအနှီးလုပ်၍ ပစ္စုပ္ပန်ဉာဏ်ဝီရိယကို မထိန်မချန် စိုက်ထုတ်အသုံးချနိုင်သူများသည် သာမန်လူသားမှ ထူးခြားသော လူရည်ချွန်အဖြစ် ရောက်ရှိလာကြသည်။ ထူးခြားသော လူသားအာဇာနည်သည် အရေအတွက်အားဖြင့် မများလှသော်လည်း သန်းပေါင်းများစွာသော လူအများ၏

http://www.dhammadownload.com

ကောင်းကျိုးကို အံ့သြဖွယ်ကောင်းလောက်အောင် စွမ်းဆောင်ပေးနိုင်ကြသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော်သည် သာသနာ၏ လိုအပ်ချက် ဟာကွက်တစ်ခုကို သမိုင်းဝင်မှတ်တမ်းတင်ရစ်အောင် အပြည့်အဝ ဖြည့်စွက်ပေးသွားနိုင်သော ထူးခြားသည့် အံ့ဖွယ်ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါသည်။ ကောင်းကျိုးပြု ဘဝကိစ္စ, ဓမ္မကိစ္စကို ဆောင်ရွက်ရာ၌ အရေအတွက်များဖို့ထက် အရည်အသွေးကောင်းမွန်ဖို့က ပိုအရေးကြီးသည်။ ထို အကောင်းသည်လည်း တစ်ခဏကောင်းကလေး, ဟန်ကောင်းကလေးသာမဖြစ်စေဘဲ

http://www.dhammadownload.com

ကြာရှည်ခံ၍ လမ်းမှန်ဖို့ အထူးအရေးကြီးသည်။ ထိုသဘောကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကိုယ်တိုင် လက်တွေ့ပြသွားခဲ့သည်။ "စိတ်ကောင်းရှိဖို့က ပထမ" ဟု မိမိကျောင်းတိုက်၌ ကမ္ဘည်းတင်သွားတော်မူခဲ့သည်။

လူသည် လူအရေအတွက်တွင် ပါဝင်ကာမျှဖြင့် လူအစစ်ဖြစ်ပြီဟု မဆိုနိုင်၊ လူစွမ်းရည်ပြည့်စုံမှ လူအစစ်ဖြစ်ခွင့်ရသည်။ လူသည်

(၁) ပစ္စုပ္ပန်တိုင်း အာရုံနှင့်စိတ် အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်သော စွမ်းရည်ရှိရမည်။ အာရုံနှင့်

http://www.dhammadownload.com

စိတ် ညှိနှိုင်းပေးနိုင်သော တရားစွမ်းအားရှိ
အောင် လေ့ကျင့်ထားရမည်။

(၂) မိမိ၏ ကိုယ်အား ဉာဏ်အား ပစ္စည်း
အားဖြင့် သဒ္ဓါ ပညာ မေတ္တာအားကို အသုံးပြု
ကာ မိမိ သူတစ်ပါး လောက သာသနာ စွမ်း
နိုင်ရာ၌ လုပတင့်တယ် ထည်ဝါခန့်ညား
ကျက်သရေရှိအောင် အလှဆင်ပေးနိုင်ရမည်။
ကောင်းကျိုးပြုဘဝမှတ်တိုင် စိုက်ထူပေးနိုင်
ရမည်။ နာမည်ကောင်း ကျန်ရစ်ရမည်။

(၃) ဘဝကူးစိတ်အေးရမည်။ ဘဝလွတ်
မြောက်ရေးနှင့် ဘဝကူးစိတ်အေးရေးအတွက်
ကိုယ်ပိုင်တရား(ကိုယ်ကျင့်တရား) လုံလောက်

http://www.dhammadownload.com

အောင် လေ့ကျင့်စုဆောင်းထားရမည်။ ထို လူ့စွမ်းရည်၃-ချက်ကို တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကိုယ်တိုင် လက်တွေ့ဖော်ထုတ် ကျင့်သုံးသွားတော်မူခဲ့ပြီး ဖြစ်သည်။

ဆရာတော်၏ အမျိုးဘာသာ သာသနာ အပေါ် ချစ်မြတ်နိုးစိတ်, လောကသာသနာ ကောင်းကျိုးပြုစွမ်းဆောင်ချက်, နိုင်ငံချစ် စိတ်တို့ကို ပြောဆိုရေးဖွဲ့၍ မကုန်နိုင်ပါ။ ပြောဆိုရေးဖွဲ့နိုင်စွမ်းလည်း မရှိပါ။ ဆရာတော့် အစွမ်းကား အံ့မခန်းပါတည်း။

ဆရာတော်သည် သက်တော် (၁၀၀)ပြည့် အောင် မနေရသော်လည်း ယခုဆရာတော့်

http://www.dhammadownload.com

အသက် (၁၀၀)ပြည့်ပါပြီ။ နေရသမျှအသက်, ရသမျှအချိန်ကို သာသနာအတွက်သာ ခန္ဓာကိုနှစ်၍ အသုံးပြုသွားတော်မူခဲ့သော, မိမိနှင့် ရဟန်း ရှင်လူအများအတွက် အကောင်းဓာတ်ကို ကူးပြောင်းဆက်သွယ်ပေးတော်မူခဲ့သော, ပိုင်းခြားကန့်သတ်ရေတွက်၍ မဖြစ်နိုင်လောက်အောင် ကြီးမားများပြားလှသော, ဆရာတော်၏ ဂုဏ်စွမ်းရည်ကို ဤ "ဓာတ်"ဟူသော ဆောင်းပါးဖြင့် လေးမြတ်ကော်ရော် မြတ်နိုးစွာ ပူဇော်လိုက်ရပါသတည်း။

ဝိသုဒ္ဓါရုံတိပိဋကဓရ
အရှင်သိရိန္ဒာဘိဝံသ(ယော)

(၁၃၆၁ ခုနှစ်၊ နတ်တော်လ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ)

http://www.dhammadownload.com

တိပိဋကယောဆရာတော်၏ ထုတ်ဝေပြီးသည့် ဓမ္မလက်ဆောင်စာအုပ်များ



၁။ စိတ်ထိန်းကိရိယာ

၂။ ဘဝလမ်းညွှန်

၃။ သာဓု ၄-ပါး မြတ်တရား

၄။ အပေါင်းလက္ခဏာ

၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ

၆။ ကံကိုထိန်းချုပ် စိတ်ခလုတ်

၇။ စိတ်ဓါတ်ကိုမြှင့် လုပ်ပိုင်ခွင့်

၈။ ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက်

http://www.dhammadownload.com

၉။ အချိန်တန်ဖိုး လူတန်ခိုး
၁၀။ ဘဝတစ်ကွေ့ ခဏတွေ့
၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
၁၂။ တရားအသိ လူ့မျက်စိ
၁၃။ မေတ္တာပန်းခိုင် ၃-ပွင့်ဆိုင်
၁၄။ နှလုံးသားဝယ် ဘုရားတည်
၁၅။ အေးမြရွှင်ပြုံး လူနှလုံး
၁၆။ လူ၏စွမ်းအား မြတ်တရား
၁၇။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်
၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန်
၁၉။ တရားကျေးဇူး စွမ်းရည်ထူး
၂၀။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်

http://www.dhammadownload.com

၂၁။ ကျန်းမာရှင်လန်း မေတ္တာစွမ်း
၂၂။ မေတ္တာလက်တွဲ ရာပြည့်ပွဲ
၂၃။ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
၂၄။ ဘဝဝေစု မြတ်ကောင်းမှု
၂၅။ တရားဆောင်သူ စိတ်မပူ
၂၆။ အား
၂၇။ ယော
၂၈။ မွေးနေ့မင်္ဂလာရတနာ
၂၉။ ၄၅-နှစ် တရားသက်
၃၀။ နှစ်လေးဆယ့်ငါး တရားအချုပ်
၃၁။ လူ့အလှဆုံး စိန်တစ်လုံး
၃၂။ မေတ္တာနှလုံး အလှဆုံး

http://www.dhammadownload.com

၃၃။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

၃၄။ အလှူကျေးဇူး စွမ်းရည်ထူး

၃၅။ နွားတ် + ဆက် = မင်္ဂလာ

၃၆။ မေတ္တာတရား လူစွမ်းအား

၃၇။ အကုန်အရ လူဘဝ

၃၈။ မီးသတိပြု

၃၉။ မေတ္တာကျေးဇူး စွမ်းရည်ထူး

၄၀။ ၄၅-ဝါ သာသနာ

၄၁။ လူအား

၄၂။ လူ၏စွမ်းအား ပတ္တမြား

၄၃။ စိတ်ကောင်းထားက မိတ်ကောင်းရ

၄၄။ အချစ်ဆုံးဆွေမျိုး

http://www.dhammadownload.com

၄၅။ ညှဉ်သည်

၄၆။ ၄၅-နှစ် ရဟန်းသက်

၄၇။ စိတ်အေးစရာ သာသနာ

၄၈။ တစ်ခါလာလဲ ဒါပါပဲ

၄၉။ လူ့ဘဝထဲ စာမေးပွဲ

၅၀။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ

၅၁။ ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်

၅၂။ ယနေ့အလုပ် ယနေ့လုပ်

၅၃။ အဘိဓမ္မာ သိစရာ

၅၄။ ဝိသုဒ္ဓိရဲ့ ခွင့်ခါကြုံကြိုက် စာသင်တိုက်

၅၅။ ဓာတ်

၅၆။ ဘဝကိုဆောင် အလင်းရောင်

http://www.dhammadownload.com

၅၇။ လူသားမေတ္တာ ဤကမ္ဘာ
၅၈။ ဆရာ့ကျေးဇူး စွမ်းရည်ထူး
၅၉။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ
၆၀။ ဦးကောသလ တစ်ဘဝ ပေါ်ရတောင်ဖီလာ
၆၁။ သတိမေတ္တာ သူငါစုပေါင်း အကုန်ကောင်း
၆၂။ ယခုအလုပ် ယခုလုပ်
၆၃။ ဒီအတိုင်းပါပဲ
၆၄။ သုံးပါးမြတ်စွာ ရတနာ
၆၅။ ချစ်ခင်ညီညာ ပေါင်းတာမှန်မှ ငြိမ်းချမ်းရ
၆၆။ ဒီတစ်ခါလဲ ဒီတိုင်းပဲ
၆၇။ ပေါင်းတာမှန်မှ ကောင်းတာရ
၆၈။ ခဏတွားထား ၄-ဘီးကား

http://www.dhammadownload.com

၆၉။ ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ
၇၀။ ကိုယ့်ဟာကိုယ်သာ ရွေးယူပါ
၇၁။ နေကောင်းရဲ့လား
၇၂။ အသိဆန်းကြယ် အနှစ်ကြွယ်
၇၃။ မေတ္တာအစွမ်း စိတ်အေးချမ်း
၇၄။ အများမကြိုက် လူမိုက်တစ်ယောက်
ပန်းတိုင်ရောက်
၇၅။ မိခင်စိတ်ထား မေတ္တာအား
၇၆။ သူဦး ကိုယ်ဦး ၃-မျှာပူး
၇၇။ ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ
၇၈။ ပစ္စည်းတန်ဖိုး လူ့တန်ခိုး
၇၉။ ကိုယ့်ဂုဏ်ကိုယ်ပြု ကောင်းတာစု

http://www.dhammadownload.com

၈၀။ ဆွေမျိုးကိုရာ ကိုယ့်ဆီမှာတွေ့

၈၁။ အသီးတစ်ရာ အညှာတစ်ခု

၈၂။ ကိုယ့်ကိုကိုယ်ကယ် မီသေးတယ်

၈၃။ အသိမှန်ကန် အဖိုးတန်

၈၄။ ဆရာဒကာ သာသနာ

၈၅။ အသက်ကြီးရင် အဖော်လိုတယ်

၈၆။ နှစ်ကူးမင်္ဂလာ ဖိတ်ကြားလွှာ

၈၇။ ဘဝထဲမှာ ကောင်းတာရာ

၈၈။ ပစ္စည်းအလှ ဘဝတန်ဆာ ရတနာ

၈၉။ မေတ္တာ ပညာ ပဒေသာ

၉၀။ ကိုယ့်ကိုယ်ကိုယ်ဖြည့် သူ့ကိုကြည့်

http://www.dhammadownload.com

၉၁။ ငွေနှင့်ပုလဲ ကုသိုလ်ပွဲ

၉၂။ အချိန်ရှိခိုက် လုံ့လစိုက်

၉၃။ ရက်လည် လလည် နှစ်ပတ်လည်

၉၄။ နေ့စဉ်ဆင်နွှဲ လူ့အောင်ပွဲ

၉၅။ မကောင်းမှုရှင်း ကောင်းမှုသွင်း
စိတ်ရင်းဖြူစင်စေ

၉၆။ ပစ္စည်းအလှ (၉) ဌာန

http://www.dhammadownload.com

ဓမ္မဒါန အလှူရှင်များ



၁။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်+
ဒေါ်ခင်ခင်ဝင်း မိသားစု နေပြည်တော်။

၂။ သာသနာရေးဝန်ကြီး ဦးစိုးဝင်း +
ဒေါ်သန်းသန်းအေး မိသားစု၊ နေပြည်တော်။

၃။ ဦးရိန်ဝင်း + ဒေါ်ခင်ချိုဦး၊
သား မောင်ကောင်းထိုက်ထွန်း(တက်လမ်း)၊
ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

၄။ ဦးသန်းထွန်း + ဒေါ်ယဉ်ရိန်၊
သား ဒေါက်တာဘကောင်း၊
သမီး ဒေါက်တာလဲ့ယဉ်မွန်+မောင်သိန်းလှိုင်
ငွေကြာယံ၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၅။ ဦးအောင်သိန်း + ဒေါ်လုံးတင် မိသားစု
ရုပ်စုရပ်၊ မိုးကုတ်မြို့။

၆။ ဦးတူးမောင် + ဒေါ်ထားထားအေး မိသားစု
တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

၇။ ဦးသန်းဆက်ဝင်း + ဒေါ်စိန်အေး၊
သား မောင်သန်းထိုက်ဝင်း
ရွှေတောင်ကြားရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

၈။ ဒေါက်တာ ကျော်ခိုင် + ဒေါ်စိန်ထွေး
သား - မောင်သက်တင်စိုး၊
မောင်ဇော်ဝင်းမောင်
သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၉။ ဦးဘမောင် + ဒေါ်ချစ်ဟန် မိသားစု
ဘူးတောင်းရွာ၊ ထီးလင်းမြို့။

http://www.dhammadownload.com

၁၀။ ဦးအောင်မြ၊ မြစ်သာမိသားစု
၃၇-လမ်း၊ ရန်ကုန်မြို့။

၁၁။ ဦးတင်ထူး + ဒေါ်နွဲ့နွဲ့ဝင်း
သား - မောင်ထူးအောင်ဝင်း
သမီး - မခင်စုစုဝင်း (ထူးရေခဲမုန့်)
အထက်ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။

၁၂။ ဦးကျော်စိုးသန့် + ဒေါ်ခင်အေးမော်
သား - မင်းမော်ခန့်၊ သမီး - ဆုမြတ်ထွေး
ဂုဏ်သိရိမိသားစု၊ လမ်း-၃၀၊ ရန်ကုန်မြို့။

